ကျွန်းပင်သာကျေးရွာ

တမူးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွန်းပင်သာကျေးရွာ၊ တမူးမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၅

ကျေးရွာ အရင်းအမြစ်ပြဓေပုံ၊ ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၇

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၀

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေး
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ ၃၂

(၁) ကျေး ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၀

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၃
ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်
ကိုးကားစာရင်း ၆၉
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၀
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်းကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့်နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီးကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံး ပြု၍အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေး လက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ၏ဦးဆောင်ညွှန်ကြားမှုဖြင့် တူပီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို စီစဉ်ပြီးကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက် လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကို လည်းကောင်းစွာသိ ရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့်ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း သတ်မှတ်ထားသောအချိန်များတွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်းမှ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်မြို့ နယ်အဆင့်အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟုမျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများရရှိနိုင် မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း(က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက် အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျွန်းပင်သာကျေးရွာ
တမူးမြို့နယ်

ကျွန်းပင်သာကျေးရွာပြမြေပုံ၊တမူးမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန်အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ ကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင် မည့်စီမံ ကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီး များပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါ သည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်းပင်သာကျေးရွာသည် တမူးမြို့နှင့် ဟုမ်မလင်း-ခန္တီး မြို့သို့ဆက်သွယ်သော လမ်းမကြီး ၏ဘေးတွင်တည်ရှိသော ကျေးရွာတစ်ရွာဖြစ်သည်။ ကျွန်းပင်သာကျေးရွာသည် တမူးမြို့နှင့် မိုင် (၂၀)

ခန့်ကွာဝေးပြီး၊ လမ်းပန်းဆက်သွယ်ရေးအထူးကောင်းမွန်မှုရှိသည်။ တမူးမြို့သည် ကဘောချိုင့်ဝှမ်းလွင်ပြင်ဒေသဖြစ်ပြီး၊ ကုန်းကမူပေါ်များသော ဒေသကြီးတစ်ခုဖြစ်ပေသည်။ ပူနွေးစွတ်စိုသော ရာသီဥတုဖြစ်ပြီး၊ တော တောင်ထူထပ်သောဒေသ တစ်ခုဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိပြီး၊ မြေနေရာအကျယ်အဝန်းပေါ်များပြီး တောတောင်ထူထပ်သောဒေသတစ်ခုဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

သဘာဝအရင်းအမြစ်နှင့်ပတ်သက်၍ တောတောင်ထူထပ်သော ဒေသတစ်ခုဖြစ်ပြီး ဝါးပေါများသောဒေသဖြစ်သည်။ မိုးတွင်းတွင် မျှစ်ချိုးခြင်းလုပ်ငန်းမှာ လက်လုပ်လက်စားများအတွက်ဝင်ငွေရလုပ်ငန်းတစ်ခုဖြစ်နေသည်။ တစ်နေ့လျှင်မျှစ်ခူးက ၂၅၀၀-၃၀၀၀ ကျပ်ရရှိသည်။သို့သော်မိုးတွင်းတစ်လ ခွဲ၊နှစ်လလောက်လ သာလုပ်ကိုင်နိုင်သည်။ ၎င်းအပြင် သစ်တောများထူထပ်သောကြောင့် သစ်နှင့်ပတ်သတ်သောလုပ်ငန်းများ အထူးလုပ်ကိုင်ကြသည်။ သစ်တောထွက်ပစ္စည်းအချို့ထွက်ရှိပြီး၊ အိန္ဒိယနိုင်ငံ သို့တင်ပို့ရောင်းချကြောင်းသိရသည်။ လယ်မြေဧက (၆၅၀) ခန့်၊ တောင်ယာ (၂၀၀)ဧက ခန့်နှင့်သစ်တောမြေ (၇၅၀) ခန့်ရှိပြီး၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဖူလုံစွာရရှိနိုင်ကြောင်းသိရှိရသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စု (၁၉၉)စုရှိပြီး လူဦးရေစုစုပေါင်း (၁၂၅၇)ဦးရှိပါသည်။ ပျမ်းမျှ မိသားစုတစ်စုလျှင်(၆)ဦးနှုန်း နေထိုင်ကြပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်)အထိ အလုပ်လုပ်နိုင် သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၆% ရှိပြီးလူဦးရေစုစုပေါင်း၏ ၄၄ %သည် မှီခိုသူများဖြစ်ကြသည်။ မှီခိုသူများ၏ ၁၅ ရာခိုင်နှုန်းခန့်မှာ ၅ နှစ်အောက် ကလေးငယ်များဖြစ်ကြောင်းသိရှိရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လယ်ယာမြေပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ(၅၄%)ရှိကြပြီးကျန်ရှိသော (၄၀%)ခန့်သော လယ်ယာမဲ့များမှာ စိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်များတွင် လယ်ပိုင်ရှင်များထံလုပ် ကိုင်နေကြရသည်။ ၎င်းအပြင် လယ်ယာလုပ်ငန်းခွင်ပြင်ပအချိန်များတွင်လည်း အခြားဝင်ငွေရလုပ်ငန်းများဖြစ်သော မျှစ်ခူးခြင်း၊ သစ်ခုတ်ခြင်း၊ ကျောက်ကောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြကြောင်းသိရှိရသည်။ မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍အဆင်ပြေသော အိမ်ထောင်စုများသည် ဧက(၁၀) အထက် ပိုင်ဆိုင်ကြောင်းတွေ့ရှိရပြီး၊ အလယ်အလတ် အိမ်ထောင်စုများသည် (၆-၁၀)ဧကကြားပိုင် ဆိုင်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် လည်း (၃-၆) ဧကကြားပိုင်ဆိုင်ကြပြီး၊ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာပိုင်ဆိုင်မှုလုံးဝမရှိကြောင်းသိရှိရသည်။ အဆင်ပြေသောအိမ် ထောင်စုများသည် ခွေလှေစက်၊ ထွန်စက် နှင့်ထော်လာကျီတို့ပိုင် ဆိုင်ထားကြောင်းသိရှိရသည်။ ၎င်းအပြင် နွားနှင်ကျွဲတို့အား အဆင်ပြေသော အိမ်ထောင်စုများမှ ပိုမိုပိုင်ဆိုင်ထားကြောင်းသိရသည်။ ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းအရ အဆင်ပြေသော အိမ်ထောင် စုရာခိုင်နှုန်း (၁၂%)။ အ လယ်အလတ်ရှိ သောအိမ်ထောင်စု (၃၇%)။ ဆင်းရဲသောအိမ်ထောင်စု(၂၅%)။

အလွန်ဆင်းရဲသော အိမ်ထောင်စု (၂၆%) အသီးသီးရှိ ကြောင်းသိရှိရသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့်အလွန် ဆင်းရဲသောအိမ် ထောင်စုများသည်ဆန်စပါးကိုလည်း မသိုလှောင်နိုင်သည့်အပြင်၊ ဝယ်ယူခြင်း၊ ချေးငှားခြင်း၊ ဈေးဆိုင်မှအကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။ လိုအပ်ပကလုပ်အားခကြို ရောင်းပြီး၊ ဝမ်းစာအတွက်ဖြေရှင်းကြသည်။ အဆင်ပြေသော အိမ်ထောင်စုများသည် တိုက်အိမ်၊ ပျဉ်ထောင်အိမ်များဖြင့် နေထိုင်ကြပြီး၊ ဆင်းရဲသောအိမ်ထောင်စုများသည် ဝါးထရံ၊ သက်ကယ်မိုးများဖြင့်သာနေထိုင်ကြကြောင်းတွေ့ရှိရသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၂၅)ရာခိုင်နှုန်းမှာဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပြီး၊ (၂၆) ရာခိုင်နှုန်းခန့်မှာအလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေးပြေလည်မှုမရှိကြပေ။ ဆွေမျိုးမိတ်ဆွေများ၏အထောက်အပံ့နှင့်လည်းကောင်း၊ အသင်းတော်မှထောက်ပံ့ပေးခြင်းဖြင့်လည်း ကောင်းဘဝရပ်တည်မှု ပြုသူများဖြစ်ကြသည်။ ဆင်းရဲသောအမျိုးသမီးဦး ဆောင်အိမ်ထောင်စု(၁၅) စုရှိကြောင်းတွေ့ရှိရသည်။ မိသားစုစောင့်ရှောက်မှုမရှိသောအ သက်(၆၀)နှင့်အထက်ကျား(၄)ဦးနှင့် မ(၆)ဦး စုစုပေါင်း (၁၀) ဦး ရှိကြောင်းသိရသည်။ ၎င်းအပြင် မိသားစုတောင့် ရှောက်မှုမရှိသော မသန်စွမ်းသည့် သူကျား(၁) ဦးနှင့် မ(၅) ဦး စုစုပေါင်း (၆) ဦးရှိကြောင်းသိရှိရသည်။ ထိခိုက်လွယ်သော မိသားစုများမှာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် အဆင်း ရဲဆုံးတောင်သူ များဖြစ်သည်။ ၄င်းတို့သည် မြေယာပိုင်ဆိုင်မှုနှင့် စားနပ်ရိက္ခာဖူလုံမှု မရှိသော အိမ်ထောင်စုများဖြစ်ကြသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

တိုက်နယ်ကျန်းမာရေးပြည်သူ့ဆေးရုံသည် ဘေးချင်းကပ်လျက်ရှိသော မင်္သာစံပြကျေးရွာတွင်တည်ရှိပေသည်။ ဆရာဝန် တစ်ဦး၊ သားဖွားတစ်ဦး၊ သူနာပြု (၃)ဦး နှင့် ကျန်းမာရေးလုပ်သားတစ်ဦးရှိသည်။ အဖြစ်များသောရောဂါများမှာတီဘီ၊ ကလေးပန်းနာရင်ကြပ်၊သွေးတိုး နှင့်ကျောက်ကပ်ရောဂါ တို့အဖြစ်များလေ့ရှိသည်။ သောက်ရေတွင် ထုံးဓာတ်ပါဝင်မှုများခြင်းကြောင့် ကျောက်ကပ်ရောဂါဖြစ်ပွားကြကြောင်းသိရှိရသည်။ ဟင်းသီးဟင်းရွက်နှင့် အသား၊ငါးများအားလုံလောက်စွာစားသုံးကြကြောင်း သိရှိရပြီး၊ ပဲနှင့် အခြား သီးနှံများအားလည်းမျှတစွာစားသုံးကြကြောင်းသိရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာအတွင်း၌ မူလတန်းကျောင်းတစ်ခုရှိသည်။ ပညာရေးနှင့်ပတ်သတ်ပြီး လုံးဝကျောင်းမနေသူဦးရေသည်၉ နှစ်အထက်လူဦးရေ၏ (၁၀%)ခန့် သာရှိသည်ကိုတွေ့ရသည်။ မူလတန်း ပြီးစီးမှုနှုန်း(၃၁%)၊ အလယ်တန်း ပြီးစီး မှုနှုန်း (၃၄%)၊ အထက်တန်းပြီးစီးမှုနှုန်း (၂၃%)၊ တက္ကသိုလ်ပညာပြီးစီးနှုန်း (၁%)အသီးသီးရှိ ကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ မျှစ်ခူး၊ ဝါးခုတ်ခြင်းလုပ်ငန်း၊ အိမ်ဆောက်ပရိဘောဂလုပ်ငန်းများတွင်လည်းကောင်း အသီးသီးကျွမ်းကျင်မှုရှိကြောင်းသိရှိရသည်။

(စ) ကျားမဆိုင်ရာဆက်သွယ်မှု

သင်းအုပ်ဆရာအများစုမှာအမျိုးသား များသာဖြစ်ကြပြီး၊ အမျိုးသမီးများသည် ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ခြင်းနှင့် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းကြောင်း သိရှိရသည်။ အမျိုးသမီးနှင့် အမျိုးသားလူငယ်များသည် ဘာသာရေးပွဲများတွင် ဘုရားကျောင်းဝင်းသန့်ရှင်းရေး၊ဧည့်ခံကျွေးမွေးရာတွင်ပါဝင်ကြသည်။ စနေနှင့် တနဂ်နွေနေ့များတွင် ဘုရားကျောင်းများသို့ဝတ်ပြုဆုတောင်းသွားကြလေ့ရှိပြီး၊ ကလေးလူငယ်နှင့် အမျိုးသမီး၊ အမျိုးသားမရွေး သွားရောက်ကြ ကြောင်းသိရှိရသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းရှိ အဖွဲ့များမှာ ရပ်ရေးရွာရေးများတွင် စိတ်ဝင်စားစွာလုပ်ကိုင်ကြသော်လည်း၊ အချိန်ပေးနိုင်မှု အားနည်းခြင်း၊ ချိတ်ဆက်လုပ်ကိုင်နိုင်မှု အနည်းငယ် အားနည်းမှုရှိကြသည်။ သို့သော်အား လပ်သောအချိန်များတွင် ရပ်မိရပ်ဖအဖွဲ့မှကျေးရွာတိုးတက်ဖွံ့ဖြိုးရေးအတွက် အားတက်သရောလုပ်ဆောင်ကြသည်။ ကျေးရွာအတွင်း၌ အဖွဲ့အသီးသီးရှိကြပြီး၊ ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု အပိုင်းတွင်ပြုလုပ်လေ့မရှိဘဲ၊ မိမိအဖွဲ့သဘောအတိုင်းလုပ်ကိုင်ကြသည်။ ထို့ကြောင့် ကောင်းမွန်သောစီမံခန့်ခွဲ မှုသင်တန်းများရရှိလာနိုင်မည်ဆိုက၊ ကျေးရွာအတွင်းရှိ အဖွဲ့များပူးပေါင်းဆောင်ရွက်မှုအားကောင်းလာနိုင်ပြီး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် လွန်စွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

မိုးရာသီတွင်လယ်စပါးအဓိကစိုက်ပျိုးပြီး၊ စိုက်ဧကစုစုပေါင်း (၆၄၉)ဧကရှိပါသည်။ မိုးစပါးစိုက်ပျိုးပြီးနောက် ယာမြေအချို့နှင့် လယ်မြေများတွင် ဆောင်းသီးနှံအဖြစ်ပဲနှင့် နှမ်းမုံညှင်းတို့အားစိုက်ပျိုးကြကြောင်းသိရှိရသည်။ စပါးတစ်ဧကအထွက် ၆၀ တင်းနှုန်းထွက်ရှိပြီး၊ သွင်းအား စုလိုအပ်ချက်အနည်းငယ်မြင့်မား၍ အမြတ်ရရှိမှုနိမ့်ကြောင်း တွေ့ရှိရသည်။ နှမ်းမုံညှင်းအား ဆောင်းရာသီတွင်စိုက်ပျိုးကြပြီး၊ တစ်ဧကလျှင် (၁၀)တင်းထွက်ရှိသည်။ သွင်းအားစု လိုအပ်ချက်နိမ့်ပြီး၊ ဈေးနှုန်းအလယ်အလတ် ကောင်းမွန်သဖြင့် အမြတ်ရရှိမှု အသင့်အတင့်ဖြစ်ကြောင်းသိရသည်။ ကျေးရွာပိုင်ကိုယ်ထူကိုယ်ထ နန်းသလက်ဆည်ဖြင့် လယ်ဧက (၆၀၀) ခန့် မိုးစပါးစိုက်ပျိုးကြပြီး၊ ယာဧက (၂၀၀) ခန့်တွင် နှမ်း၊ မုံညှင်းနှင့်ပဲများစိုက်ပျိုးကြကြောင်းသိရသည်။ ကျွဲနှင့်နွားအား လယ်ယာစိုက်ပျိုးရန်အတွက်အသုံးပြုကြပြီး၊ အဆင်ပြေသောအိမ်ထောင်စုများမှ လက်တွန်းထွန်စက် ဖြင့် လယ်ယာလုပ်ငန်းတွင်အသုံးပြုကြကြောင်းသိရသည်။ ကျေးရွာအနေဖြင့် လက်တွန်းထွန်စက် (၆) စီးနှင့် ခွေလှေ့စက် ၁ ခု၊ ရေ စုပ်စက် ၁ ခု သာပိုင်ဆိုင်ကြကြောင်းသိရသည်။ မြေလွတ်မြေရိုင်း အများ အပြားကျန်ရှိနေသေးပြီး၊ စိုက်ပျိုးမြေအဖြစ် အသုံးပြုရန် အဆင်ပြေနိုင်ပေသည်။ ရေ အရင်းအမြစ်နှင့် ပတ်သက်၍ ကျေးရွာကိုယ်ထူကိုယ်ထဆည်ဖြစ်သော နန်းသလက်ဆည်မှရရှိနိုင်ပေသည်။ စိုက်ပျိုးရေး

ချေးငွေများအား အတိုးနှုန်းသက်သာစွာဖြင့် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ သာရရှိနိုင်ပေသည်။ လိုအပ်သောဓာတ် မြေဩဇာနှင့် မျိုးစေ့များအား တမူးမြို့နှင့် နယ်စပ်ဈေးဖြစ်သော နန့်ဖာလုံဈေးများမှ လွတ်လပ်စွာဝယ်ယူနိုင်ကြပေသည်။ ထွက်ရှိသောသီးနှံများအားလည်း တမူးမြို့မဈေးနှင့် သီးနှံပွဲရုံများတွင်လွတ်လပ်စွာ ရောင်းဝယ်မှုပြုလုပ်ကြသည်။ တိရိစ္ဆာန်အတွက်လိုအပ်သော အစားအစာနှင့်ဆေး ဝါးများတမူးမြို့ နှင့် ကလေးမြို့ များမှရရှိနိုင်ကြသည်။ တမူးမြို့နှင့်ကလေးမြို့ရှိ ကုန်သည်ပွဲစားများနှင့်အသားခုန်(ဈေး)များ၌ အလွယ်တကူရောင်းချနိုင်ပေသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

သစ်ပေါများသော ဒေသဖြစ်ခြင်းကြောင့် သစ်ခုတ်ခြင်းနှင့် အခြားသစ်တောထွက်များ စုဆောင်းခြင်းလုပ်ငန်းများလုပ် ကိုင်ကြကြောင်းသိရှိရသည်။ မျှစ်ချိုးခြင်းနှင့် ဝါးခုတ်ခြင်းလုပ်ငန်းများလည်းရာသီ အလိုက် လုပ်ကိုင်ကြကြောင်းသိရှိ ရသည်။ ဈေးအရောင်းအဝယ်ပြုလုပ် ခြင်းအချို့ရှိကြပြီး၊ လက်သမားနှင့် ပန်းရံလုပ်ငန်းများလည်း စိုက်ပျိုးချိန်ပြင်ပရာသီများတွင်လုပ် ကိုင်ကြကြောင်းသိရသည်။ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်ကြပြီး၊ ကျပန်းအလုပ်သမားများအတွက်ဝင်ငွေအခွင့်အလမ်းရရှိနိုင်စေသည်။

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

ဓါတ်မြေဩဇာအသုံးပြုမှုမှာအနည်းငယ်သာရှိပြီး၊ သီးလှည့်စိုက်ပျိုးခြင်းကြောင့်ပုံမှန်အားဖြင့် မြေဆီလွှာ အာဟာရထက်သန်မှုရှိကြသည်။ စနစ်တကျဖျက်ပိုး ကာကွယ်နှိမ်နှင်းမှုမရှိခြင်းနှင့် ဖျက်ပိုးကာကွယ် နှိမ်နှင်းနည်းပညာအားနည်းခြင်းများကြောင့် သီးနှံအထွက်နှုန်းအနည်းငယ်လျော့နည်းကြသည်။ တောင်ကျချောင်းအများအပြားရှိခြင်းကြောင့် အိမ်စားသုံးရန် ငါးအချို့ရရှိနိုင်ပြီး၊ လျော့ တိုက်ဖမ်းခြင်းများကြောင့် ငါးမျိုးများ ရှားပါးလာကြောင်း တွေ့ရသည်။ အခြားအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးကွဲများထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတအားနည်းကြပြီး၊ မည်သည့် ကာကွယ်စီမံခန့်ခွဲ မှု များမပြုလုပ်ကြပေ။ နွေရာသီ၌ တောမီးလောင်ခြင်းဖြစ်ပွားတတ်ပြီး၊ အပင်မျိုးစိတ်နှင့် အခြားတိရစ္ဆာန်မျိုးများဆုံးရှုံးမှုများရှိတတ်ကြသည်။ ယခုအချိန်တွင် မီးတားလမ်းများပြုလုပ်ပြီး၊ တောမီးအန္တရာယ်ရှိမှု များအားလျော့ချခြင်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

(င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

ချေးငွေထုတ်ချေးသောအဖွဲ့(ဘဏ်) နှင့်ပတ်သက်၍ တမူးမြို့တွင် စိုက်ပျိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာန မှ လယ်စပါးစိုက်ပျိုးရန်ချေးငွေထုတ်ချေးပေးပြီး၊ တစ်ဧကတစ်သိန်းနှုန်းဖြင့် (၁၀)ဧက အထိသာထုတ်ချေးကြသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံမှလည်းကောင်း၊ ငွေချေးပေးသူများထံမှ လုပ်ငန်းကြို တင်ငွေထုတ်ပေးခြင်းဖြင့်လည်းကောင်း လက်လှမ်းမှီမှုများရှိကြသည်။ သို့သော် ချေးငွေများမှာအကန့်အသတ်နှင့်သာဖြစ်ပြီး၊ အခြားမွေးမြူရေးချေးငွေထုတ်ချေးသောအဖွဲ့များမရှိပေ။ ပြင်ပမှ ချေးသောငွေများမှာ အတိုးနှုန်းမြင့်မားပြီး ယုံကြည်သူများကိုသာ ထုတ်ချေးလေ့ရှိကြောင်းတွေ့ရသည်။ ကျေးလက်ဦးစီးဌာနအစီအစဉ်ဖြင့် ချေးပေးသော မြစိမ်းရောင်ရံပုံငွေမှာကျေးရွာတွင်

ရရှိပြီး၊ ၎င်းငွေဖြင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများလုပ်ဆောင်ရန် အစီအစဉ်များပြုလုပ်နေကြောင်းသိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်မူလတန်းကျောင်းတစ်ခုနှင့် အလယ်တန်းကျောင်းတစ်ခုရှိပါသည်။ စာသင်ကျောင်းအရွယ်အစားမှာ မူလတန်းကျောင်းဆောင်အတွက် အလျား ၁၈၀ပေ၊ အနံ ၃၀ပေနှင့် အမြင့် ၁၅ပေ ရှိပြီး၊စုစု ပေါင်း(၂)ဆောင်ရှိပါသည်။စာသင်ကျောင်းဆောင်များမှာအစိုးရမှချထားပေးပြီး၊ ကျောင်းသုံးပရိဘောဂများမှာ လုံလောက်မှုရှိကြောင်းတွေ့ရှိရသည်။ ကျေးရွာအတွင်း၌သာ တည်ရှိပြီး၊ ခြေကျင်၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်များဖြင့်ကျောင်းတက်ကြသည်။ ကျောင်းဆရာ/မများ (၇)ဦးရှိသည်။ အစိုးရမှကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးသောကြောင့်ဆင်းရဲနွမ်းပါးသောကျောင်းသားများကျောင်းတတ်လာနိုင်ကြသည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသော ရောဂါမှာတီဘီ၊ ကလေးရင်ကြပ်၊ သွေးတိုး၊ ကျောက်ကပ်တို့ဖြစ်ကြသည်။ ကျန်းမာရေးဆိုင်ရာ ဆေးနှင့်ပတ်သက်သော အသုံး အဆောင်ပစ္စည်းများအား မင်းသာတိုက်နယ် ပြည်သူ့ဆေးရုံနှင့် တမူးပြည်သူ့ဆေးရုံတွင် ပြည့်စုံလုံလောက်မှုရှိပြီး၊ (၂၄) နာရီဝန် ဆောင်မှုများရရှိနိုင်ပေသည်။ ယင်လုံအိမ်သာအများစုသုံးစွဲကြပြီး။ ကျင်းအိမ်သာများ ကိုလည်းအနည်းစုသုံးစွဲကြသည်။

သောက်သုံး ရေရရှိမှုနှင့်ပတ်သက်၍ အဝီစီတွင်းနှင့် ကျေးရွာဘုံဘိုင်တွင်းများမှ တစ်နှစ် ပတ်လုံးလုံလောက်စွာရရှိနိုင်ပေသည်။သို့သော်ထုံးဓာတ်အနည်းငယ်များပြားနေမှုကြောင့် လူတစ်ချို့တွင် ကျောက်ကပ် ရောဂါခံစားရကြောင်းသိရှိရသည်။ ထို့ကြောင့် သောက်သုံးရေ အားဓာတ်ခွဲစမ်းသပ်မှုပြုလုပ်ရန်လိုအပ်လျက်ရှိ ပြီး၊ ရေသန့်စက်တစ်ခု ကျေးရွာအတွက် အလျှင်အမြန်လိုအပ်နေ ပေသည်။ ကိုယ်ပိုင်ရေတွင်းများရှိကြပြီး၊ အိမ်ခြေ (၈) အိမ်ခန့်သာ ကိုယ်ပိုင်ရေ တွင်းမရှိကြပေ။

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်အဖွဲ့အမျိုးသား/သမီးများမှာ ကျေးရွာအဖွဲ့အစည်းများတွင်တက်ကြွစွာပါဝင်ခြင်း၊ စေတနာအကျိုးဆောင်အဖြစ်လမ်းပြုပြင်ခြင်း၊ ရေနှုတ်မြောင်းဖော်ခြင်းများ ပြုလုပ်ခြင်းဖြင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှုပြု ကြသည်။ ကျေးရွာအလိုက်ဘောလုံးပွဲများတွင်လည်းလူငယ်အချို့ ပါဝင်မှုရှိကြသည်။ ကျေးရွာတွင်လူငယ်မိတ်သဟာယအဖွဲ့တစ်ဖွဲ့ရှိပြီး၊ လူငယ်များစိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့်ဗဟုသုတများတိုးပွားလာစေရန် ရည်ရွယ်၍ဖွဲ့စည်းထားခြင်းဖြစ်သည်။ အိန္ဒိယနှင့် နယ်နိမိတ်ချင်း နီးစပ်သောကြောင့် ရာမ(ခေါ်) စိတ်ကြွဆေးပြားများ လူငယ်များသုံးစွဲကြပြီး၊ ဆေးစွဲသည်အထိဖြစ်ကြရသည်။ လူငယ်ကွန်ယက်အဖွဲ့မှ လိုအပ်သောဆေးဖြတ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာနည်းပညာသင်တန်းများပို့ချ ပေးလျက်ရှိသည်။ သို့သော် စိတ်ကြွဆေးပြားများမှာ သေးငယ်ပြီး သယ်ယူရလွယ် ကူလွန်းသောကြောင့် ဖမ်းယူမှုများပြုလုပ်ရန် အာဏာပိုင်များဘက်မှအခက်အခဲရှိကြသည်။

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

တမူး-ဟုမ်မလင်း-ခန္တီးကားလမ်းမကြီး၏ဘေးတွင်တည်ရှိခြင်း ကြောင့်လမ်းပန်းဆက် သွယ်

ရေးမှာအထူးကောင်းမွန်မှုရှိပေသည်။ ကျေးရွာဘေးရှိ ပေ ၁၅၀ ခန့်တံတားမှာ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပြတ်ခဲ့ရသည်။ သို့သော် ယခုအချိန်တွင် နိုင်ငံတော်အစိုးရဘက်မှ လိုအပ်သောအကူအညီများပေး၍ ပြန်လည်ပြုပြင်တည်ဆောက်ပြီးဖြစ်သည်။ တယ်လီဖုန်းလိုင်းမှာ အတော်အသင့်ကောင်းမွန်မှုရှိ နေပြီး၊ အော်ရီဒူး ဖုန်း နှင့် မြန်မာ့ဆက်သွယ်ရေးဖုန်းများအား အသုံးပြုနိုင်ကြပေသည်။ လျှပ်စစ်စွမ်းအား အနေဖြင့် ဆိုလာစနစ်၊ အသေးစားရေ အား လျှပ်စစ်နှင့် ဒီဇယ် သုံးအင်ဂျင်များကိုသာအဓိက အသုံးပြုကြကြောင်းသိရှိ ရသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

မူခင်းဖြစ်ပွားမှု နှင့်ပတ်သက်၍ထူးခြားဖြစ်စဉ်များမရှိဘဲ၊ ငြိမ်းချမ်းစွာနေထိုင်ကြောင်းတွေ့ရှိရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော်လည်း လူထုအခြေပြုသဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များမရှိပါ။ သာမာန်ခိုက်ရန်ဖြစ်ပွားမှု၊ကြက်ခိုးမှုများသာဖြစ်ပွားလေ့ရှိပြီး၊ ကျေးရွာအုပ်စုအတွင်း၌သာ ကိုင်တွယ်ဖြေရှင်းနိုင်ကြသည်။ လူငယ်များမူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍လွန်စွာစိုးရိမ်ဖွယ်ရှိကြသည်။ ရာမ(ခေါ်)စိတ်ကြွဆေးပြားများသုံးစွဲကြပြီး၊ အလုပ်လက်မဲ့ အလွန်များကြောင်းသိရှိရသည်။ အိန္ဒိယမှလာသောဆေးပြားများဖြစ်ပြီး၊ သယ်ဆောင်ရလွန်စွာလွယ်ကူခြင်း၊ ဖမ်းဆီးရှာဖွေရန်ခက်ခဲခြင်း များကြောင့်လူငယ်အမြောက်အမြားသုံးစွဲနေကြသည်။ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ လူငယ်မြှင့်တင်ခြင်းလုပ်ငန်းများ၊ စခန်းသွင်းပြုပြင်ခြင်းများပြုလုပ်ပေးသော်လည်းအလွယ်တကူရရှိခြင်းများကြောင့်မ ကြာခဏပြန်လည်သုံးစွဲနေကြသည်။ အနီးအနားရှိရဲစခန်းမှလည်း ထိရောက်သောအရေးယူမှုများမလုပ်နိုင်ကြောင်းသိရှိရသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

စပါးစိုက်ဧက(၆၀၀)ကျော်ရှိပြီး၊ နန့်သလက်ကိုယ်ထူကိုယ်ထဆည်မှ အဓိကဆည်ရေရရှိကြသည်။ ၎င်းအပြင် နှမ်းမုံညှင်းကို ဆောင်း သီးနှံအဖြစ်စိုက်ပျိုးကြပြီး၊ ဧက (၂၀၀)ကျော် စိုက်ပျိုးကြသည်။ နှမ်းမုန်ညင်းမှာအထွက်အသင့်အတင့်ရရှိခြင်း၊ ဈေးကောင်းရရှိနိုင်ခြင်းများကြောင့် တောင်သူများသီးထပ်အနေဖြင့်စိုက်ပျိုးကြခြင်းဖြစ်သည်။ သီးနှံများစိုက်ပျိုးရန်မြေယာထပ်မံ တိုးချဲ့ရန်ကျန်ရှိနေခြင်းသည်လည်း စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်ရန်အလို့ငှာ အလားအလာကောင်းတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးရေနှင့်ပတ်သက်၍ တောင်ကျရေများအား လုံလောက်စွာသိုလှောင်ထားနိုင်ပြီး၊ စိုက်ပျိုးရေးအတွက်လွန်စွာအထောက်အကူ ပြုနိုင်ပါသည်။ သွင်းအားစုနှင့်ပတ်သက်၍ လိုအပ်သောဆေးပစ္စည်းများအား တမူးမြို့များမှ အလွယ်တကူ၊ အချိန်မှီမှာယူနိုင်ကြသည်။ ကျွန်းပင်သာကျေးရွာသည်တမူး-ခန္တီး ကားလမ်းဘေးတွင်တည်ရှိပြီး၊ ထွက်ရှိသောသီးနှံများအား တမူးမြို့ရှိမြို့မဈေးနှင့်နန့် ဖာလုံဈေးရှိကုန်သည် ပွဲစားများထံသို့လွတ်လပ်စွာရောင်းချနိုင်ပြီး၊ အလားအလာကောင်းမွန်သည်။

မွေးမြူရေးနှင့်ပတ်သက်၍နွားနှင့်ကျွဲအား လယ်ယာလုပ်ငန်းတွင်လုပ်ကိုင်ရန်မွေးမြူကြပြီး၊ ကြက်နှင့်ဝက်အားတစ်ပိုင်တစ်နိုင်စားသုံးရန်နှင့်ရောင်းချရန်အတွက်သာ မွေးမြူကြသည်။ ဒေသနှင့်ကိုက်ညီသော မျိုးများ အလွယ်တကူရရှိနိုင်ပြီး၊ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနိုင်ကြသည်။ အများအားဖြင့် တမူးမြို့မဈေးနှင့် နန့်ဖာလုံဈေးများရှိ အသားဒိုင်များမှပွဲစားများ လာရောက်ဝယ်ယူကြသည်။ တိရစ္ဆာန်အတွက်လိုအပ်သော အစားအစာနှင့်ဆေးဝါးများအား တမူးဈေးနှင့် နန့်ဖာလုံဈေး (နယ်စပ်ဈေး)မှအလွယ်တကူရရှိနိုင်ကြသည်။ ၎င်းအပြင်လိုအပ်ပါ ကအိန္ဒိယနိုင်ငံမှ လည်း အလွယ်တကူရရှိနိုင်သောကြောင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည်စီးပွား ဖြစ်မွေးမြူရေးအထိ ပိုမို လုပ်ကိုင်နိုင်ပါသည်။

တမူး-ခန္တီးကားလမ်းမကြီးဘေးတွင်တည်ရှိသည်။ ယာဉ်အမျိုးမျိုး (ကား၊ဆိုင်ကယ်၊သုံးဘီး) များဖြင့်အချိန်မရွေးသွားလာနိုင်ကြသည်။ ထုတ်ကုန်ရောင်းဝယ်မှုအတွက် လွန်စွာကောင်းမွန်ပြီး၊ အခက်အခဲလုံးဝမရှိပေ။ လိုအပ်ပါ ကအိန္ဒိယသို့အလွယ်တကူသွားလာနိုင်သည်။ မည်သည့်စီးပွားရေး မဆိုလုပ်ကိုင်မည်ဆိုပါက လမ်းတံတားတည်ရှိမှုမှာ အားသာသော အနေအထားတွင် တည်ရှိ ပေသည်။

နယ်စပ်ဒေသနှင့် နီးစပ်သောဒေသဖြစ်၍ မှုခင်းဖြစ်ပွားမှုများအား ထိရောက်စွာနှိမ်နင်းနိုင်ရန် ဘေးချင်းကပ်ရပ်ရှိမင်သာရဲစခန်းမှ အကူအညီများရရှိနိုင်ပေသည်။ ကျေးရွာနှင့်မြို့ပြများဖွံ့ဖြိုးရေး သည် ရပ်ရွာတည်ငြိမ်အေးချမ်းမှုလိုအပ်သဖြင့်၊ ဤကဲ့သို့သောနယ် စပ်ကျေးရွာများအတွက်ရဲစခန်း နှင့်လက်လှမ်းမှီမှုသည်လည်း လွန်စွာအလားအလာ ကောင်းပေသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေ ရရှိသော်လည်းလုံလောက်မှုမရှိကြောင်းတွေ့ရှိရသည်။ အခြားချေးငွေများ မရရှိခြင်းများကြောင့် စိုက်ပျိုးစရိတ်များလုံလောက်မှုမရှိဘဲအကြွေး သံသရာ လည်နေကြသည်။ ထို့ကြောင့်စိုက်ပျိုးစရိတ်ချေးငွေ လုံလောက်မှုမရှိခြင်းသည်လည်း အဟန့်အတား တစ်ခုသဖွယ်ဖြစ်နေပေသည်။ ဖျက်ပိုးမကြာခဏကျရောက်တတ်ခြင်းကြောင့် သီးနှံအထွက်နှုန်း အားကျဆင်းစေပြီး၊ ထိရောက်သောနှိမ်နင်းမှုများမပြုလုပ်နိုင်သေးပေ။ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ လည်းလိုအပ်သော နည်းပညာများပံ့ပိုးကူညီမှုအားနည်းခြင်း၊ ပိုးနှင့်ရောဂါခွဲခြားခြင်း မပြုလုပ်နိုင် ခြင်းများကြောင့် စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်းကျ ဆင်းစေခြင်းသည်လည်းကြီးမားသော အဟန့် အတားတစ်ခုပင် ဖြစ်ပေသည်။

မွေးမြူရေးအတွက်လုံလောက်သော ချေးငွေများရရှိရန်အခက်အခဲရှိပါသည်။ အစိုးရဌာနှင့် ပုဂ္ဂလိကအဖွဲ့အ စည်းများမှမွေးမြူရေးဆိုင်ရာ ချေးငွေများမရရှိကြပေ။ ထို့ကြောင့်သက်ဆိုင်ရာအစိုးရ ဌာနများ၏ ချေးငွေ ဆိုင်ရာအစီအစဉ်များဖြင့် ရေရှည်ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များချမှတ်ပြီး၊ လုပ်ဆောင်ပေးပါက မွေးမြူရေးအပိုင်းတွင်လျှင်မြန်စွာတိုးတက်လာနိုင်ပေမည်။ တိရိစ္ဆာန်ကုသရေး ဆိုင်ရာသင်တန်းမရှိခြင်း၊ ဗဟုသုတအသိပညာနည်းပါးခြင်းများကြောင့် ခွါနာ၊ လျှာနာ၊ ဒေါင့်သန်းနှင့် ကြက်နာရောဂါဖြစ်ပွါးတတ်ပြီး၊ ထိရောက်စွာကာကွယ်မှုများမပြုလုပ်နိုင်ပေ။ ထို့ကြောင့်မွေးမြူ

ရေးနှင့်ကုသရေး ဗဟုသုတဆိုင်ရာဗဟုသုတများပါ ထောက်ပံ့ပေးနိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေး အတွက်အထောက်အကူပြုနိုင်ပေမည်။

တောင်ကျရေးစီးဆင်းမှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးမှုများဖြစ်ပွားခဲ့ပြီး၊ ကျေးရွာဘေးရှိတံတား(တမူး-ခန္တီး ကားလမ်းမပေါ်ရှိ)မှာကျိုးပြတ်ခဲ့သည်။ ယခင်ဖြစ်ပွားမှုမရှိခဲ့ဘဲ၊ ပထမဦးဆုံး အကြိမ်ဖြစ်ပွားခဲ့ခြင်းကြောင့် မည်သည့်ကြိုတင်ပြင်ဆင်မှုနှင့် ကာကွယ်မှုများမပြုလုပ်နိုင်ခဲ့ပေ။ ထို့ကြောင့် နောင်လာမည့်နှစ်များတွင် သဘာဝဘေးအန္တရာယ်လျှော့ချခြင်း နှင့်ပတ်သက်၍ လိုအပ်သောကြိုတင်မှုများ နှင့်ကာကွယ်မှုအစီအစဉ်များပြုလုပ်ထားနိုင်ရန် အထူးလိုအပ်ပေသည်။ တံတားမှာပြန်လည်ပြင်ဆင်မှုမပြု နိုင်သေးဘဲယာယီလမ်းကိုအသုံးပြုပြီး၊ သွားလာနေကြရသည်။ ထို့ကြောင့်ကားကြီးများသွားလာနိုင်ရန် အခက်အခဲဖြစ်ပြီး၊ အချိန်ကြံ့ကြာမှုများရှိနေပြီး၊ သယ်ယူပို့ဆောင်ရေးတွင် အဟန့်အတား ဖြစ်နေပေသည်။

လူငယ်များမူးယစ်ဆေးသုံးစွဲမှု နှင့်ပတ်သက်၍လွန်စွာစိုးရိမ်ဖွယ်ရှိကြသည်။ ရာမ(ခေါ်) စိတ်ကြွဆေးပြားများသုံးစွဲကြပြီး၊ အလုပ် လက်မဲ့အလွန်များကြောင်းသိရှိရသည်။ အိန္ဒိယမှလာသော ဆေးပြားများဖြစ်ပြီး၊ သယ်ဆောင်ရလွန်စွာလွယ်ကူခြင်း၊ ဖမ်းဆီးရှာဖွေရန်ခက်ခဲခြင်းများကြောင့် လူငယ်အမြောက်အမြားသုံးစွဲနေကြသည်။ မူးယစ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ လူငယ်မြှင့်တင်ခြင်း လုပ်ငန်းများ၊ စခန်းသွင်းပြု ပြင်ခြင်းများပြုလုပ်ပေးသော်လည်း အလွယ်တကူရရှိခြင်းများကြောင့် မကြာခဏပြန်လည်သုံးစွဲနေကြသည်။ အနီးအနားရှိရဲစခန်းမှလည်း ထိရောက်သောအရေးယူမှုများ မလုပ်နိုင်ကြောင်းသိရှိရသည်။ ထို့ကြောင့်လူငယ်များဖွံ့ဖြိုး တိုးတက်ရန်အလို့ငှာအဟန့်အတားသဖွယ် ဖြစ်နေပြီး၊ ထိရောက် သောနှိမ်နင်းမှုများမပြုလုပ်နိုင်သေးကြောင်းတွေ့ရှိရသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော အဖွဲ့နှင့်တိုင်ပင်ပြီးကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများ ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီးကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့်တိုင်ပင်ပြီးရည် မှန်းချက်ပန်းတိုင်(၃)ခုကိုလည်းအောက်ပါ အတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။ ၎င်းတို့မှာ-

(၁) ကျွန်ုပ်တို့ရွာလူထုသည်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသေးစား စက်မှုလက်မှုလုပ်ငန်းများမှတဆင့်တိုးမြင့်လုပ်ကိုင်လာနိုင်ရမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည်တစ်နှစ်ပတ်လုံး သောက်သုံးရေလုံလောက်စွာရရှိလာနိုင် စေရေး၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမှီရနိုင်စေရေးနှင့် လျှပ်စစ်မော်တော်အား ပြည့်ဝစွာရရှိလာနိုင်စေရမည်။

(၃) အချိန်မရွေးဖြစ်ပွားနိုင်သော ရေဘေးအန္တရယ်အတွက် ကြိုတင်ကာကွယ်မှုများပြု လုပ်ခြင်းဖြင့် ကျေးရွာသူ၊ကျေးရွာသားများ၏ အသက်အိုးအိမ်စည်းစိမ်များလုံခြုံလာနိုင် စေရမည်။

(ခ) နည်းဗျူဟာ

ကျွန်တော်တို့ ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော် အစိုးရနှင့်ပြည်နယ် အစိုးရတို့၏ မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်း များတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ကဏ္ဍများလက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွား ရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက်နည်းပညာရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုး တက်ရေးတို့အတွက် ကျေးရွာနှင့် မတူပီမြို့နယ် နှင့်ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ ရန်လိုပါသည်။

(၁) စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် ချေးငွေ များ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သောဘဏ် လုပ်ငန်းများ လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့် ဘဏ်နှင့်ငွေချေးယူမည့်ကျေးရွာ သားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်း အောင်ဆောင်ရွက်ထားရပါမည်။ သို့မှသာငွေကြေးဝန်ဆောင်မှုပေးသော ဘဏ်များ နှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေပိုအား ကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက်မှလည်းဘဏ်နှင့် ငွေကြေးကဏ္ဍ ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှ ဆွေးနွေးညှိနှိုင်း တောင်းဆိုမှုများလုပ်ရန်လိုအပ်သည်။ သို့မှသာကျေးလက်ဒေသ နေပြည်သူများထံသို့ငွေကြေးဝန် ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက် လောက် ရှိနိုင်ပေမည်။ ၎င်းအပြင်အသေးစားစက်မှု လက်မှုလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်စေရန်အ လို့ငှာအရေး ကြီးပေသည်။ အချို့သောအသေးစားစက်မှုလုပ်ငန်း (ဥပမာ-အသေးစားဆန် ကြိတ် စက်လုပ်ငန်း)များသည် ဒေသခံပြည်သူများ၏ ငွေကြေးဖြင့်မတတ်စွမ်းနိုင်ပေ။ ထို့ကြောင့် သက်ဆိုင်ရာအသေးစား အိမ်တွင်းမှုလုပ်ငန်းရှင်များ၊ ဘဏ်များနှင့် ချိတ်ဆက်၍လိုအပ်သော နည်းပညာအကူအညီများ ပံ့ပိုးပေးနိုင်ကဒေသခံကျေးရွာ

သူ၊ကျေးရွာသားများအတွက် အလုပ်အကိုင်နှင့်အခွင့်အလမ်းများ ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်သည်။

(၂) ကျေးရွာလူထုအများစုသည်စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကမှီခိုအားထားကြပြီး၊ စပါး၊ နှမ်းမုံညှင်းနှင့်ပဲများအဓိက စိုက်ပျိုးကြသည်။ မိုးနှင့်ဆောင်းနှစ်သီးစိုက်ပျိုးကြပြီး၊ ထွက်ရှိသော သီးနှံများအားလွတ်လပ် စွာရောင်းဝယ်နိုင်ကြသည်။ သို့သော်သီးနှံများတွင်ဖျက်ပိုးများကျရောက်တတ်ခြင်း၊ မျိုးကောင်းမျိုး သန့် မရရှိနိုင်ခြင်းများကြောင့် သီးနှံအထွက်နှုန်းကျဆင်းတတ်ပြီး၊ အမြတ်ရရှိမှုလျော့နည်းနိုင်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လိုအပ်သောစိုက်ပျိုးရေးနည်းပညာများပံ့ပိုးပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများအား သက်ဆိုင်ရာ စိုက်ပျိုးရေးဆေးဆိုင်များနှင့် ချိတ်ဆက်ပေးခြင်းဖြင့်သီးနှံအထွက်နှုန်း ပိုမိုရရှိလာနိုင်စေပြီး၊ တောင်သူများအမြတ်ပိုမို ရရှိလာနိုင်မည်ဖြစ်သည်။ ၎င်းအပြင် သက်ဆိုင်ရာနိုင်ငံတော်အစိုးရဘက်မှ သီးနှံစျေးနှုန်းနှင့်ပတ်သက်၍လိုအပ်သော စျေးနှုန်းအာမခံချက်များပေးခြင်း၊ ပြည်ပတင်ပို့ခွင့်အတွက်ပြည်ပနိုင်ငံများနှင့် အရောင်းအဝယ်စာချုပ်များ ပိုမိုချုပ်ဆိုခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိလာနိုင်စေပြီး၊ တောင်သူများလည်းဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

(၃) ၂၀၁၅ ခုနှစ် ဩဂုတ်လတွင်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် စစ်ကိုင်းဒေသကြီးအတွင်းရှိဒေသများတွင် ရေကြီးမှုများနေရာအနှံ့အပြား ကြုံတွေ့ခဲ့ရသည်။ တမူးခရိုင်အတွင်းရှိကျေးရွာအချို့တွင်လည်း၊ ရေးဘေးအန္တရာယ်နှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး၊ လယ်ယာမြေ၊ ကွဲ နွား၊ အိုးအိမ်နှင့်အခြား ပိုင်ဆိုင် မှုများဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့် သဘာဝဘေးအန္တရယ်နှင့်ဆိုင်သော အသိပညာများမျှဝေပေးရေးများပြု လုပ်ခြင်း၊ အရေးပေါ်ကြိုတင် ကာကွယ်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကျောက်ထုရေကာတာများတည်ဆောက်ပေးခြင်းဖြင့် အသက်အိုးအိမ်စည်းစိမ်နှင့်အခြား ပိုင်ဆိုင်မှုများဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်လျှော့ချနိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာဒေသအာဏာ ပိုင်များမှ လိုအပ်သော သဘာဝဘေးအန္တရာယ်ကြိုတင်ကာ ကွယ်မှုနှင့်ပတ်သက် သောအစီအစဉ်များစီစဉ် ဆောင်ရွက်ထားနိုင်ရေးဖြင့်ဒေသခံပြည်သူများ၏ ဘဝလုံခြုံရေးအတွက် ထိရောက်သော ကာကွယ်မှုများပြုလုပ်လာနိုင်မည်ဖြစ်သည်။

(၄) ကျေးရွာ၏သောက်သုံးရေလုံလောက်ရေးနှင့် လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်ရေးသည်လည်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေသည်။ နွေရာသီတွင်သောက်သုံးရေပြတ်လပ်မှုများ ကြောင့်အနီးအနားရှိကျေးရွာများမှ သွားရောက်ခပ်ယူရပြီး ဖြေရှင်းကြသည်။ ထို့ကြောင့် သောက် သုံးရေလုံလောက်စေရန်အလို့ငှာ စက်ရေတွင်းတူးပြီး၊ ရေကန်ထဲတွင်ထည့်သွင်း သိုလှောင်ခြင်းဖြင့် နွေရာသီတွင် ရေလုံလောက်မှုရှိနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊

ပြင်ပအလှူရှင်များ နှင့်အခြားသက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ အကူအညီဖြင့်သောက်သုံးရေသန့်များ လုံလောက်စွာရရှိနိုင်ရေးနှင့် ဖြန့်ဝေပေးနိုင်ရေး လုပ်ငန်းများအား အားတက်သရောလုပ်ဆောင်ရန်လိုအပ်ပေသည်။ ကျန်းမရေးဆိုင်ရာ ဗဟုသုများအနေဖြင့်လည်း ဒေသခံများသည်လက်လှမ်းမှီမှု အနည်း ငယ်သာရှိကြပေသည်။ ကျန်းမာရေးဝန်ထမ်းမလုံလောက်ခြင်း၊ ဝန်ဆောင်မှုများအားနည်းခြင်းများကြောင့် ဆေးကုသမှုအပိုင်းတွင်အခက်အခဲများ ရှိကြောင်းသိရှိရသည်။ ထို့ကြောင့် ကျန်းမာရေးဦးစီးဌာနနှင့်သက်ဆိုင်ရာအစိုးရဌာနများမှကျန်းမာရေးဆိုင်ရာဗဟုသုတနှင့်ဝန်ဆောင်မှုများအား ကျေးလက်နေ ပြည်သူများလက်လှမ်းမှီနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးသင့်ပေသည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့် ထိပ်ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည် ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

(ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိမွေးကုဦးစီးဌာနတို့သည် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများအားဖြန့်ဖြူးပေးနိုင်ရန်လိုအပ်ပါသည်။ ဈေးကွက်နှင့်ပတ်သက်၍ တည်ငြိမ်မှုအားနည်းပြီး၊ တစ်ချို့နှစ်များတွင် ပြည်ပတင်ပို့ရောင်းချ ခွင့်နည်းသောကြောင့် သီးနှံဈေးများကျဆင်းပြီး၊ တောင်သူများအရှုံးနှင့်ရင်ဆိုင်ကြသည်။ ထို့ကြောင့်သက်ဆိုင်ရာအစိုးရဌာနများမှ ဈေးနှုန်း နှင့်ပတ်သက်သော ဥပဒေ များပြဋ္ဌာန်းပြီး၊ သီးနှံဈေးနှုန်းများအားအာမခံချက်ပေးခြင်းများဖြင့် ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်သင့်ပေသည်။ စပါးနှင့်ပဲအမျိုးမျိုးနှင့် သက်ဆိုင်သောမျိုးကောင်းမျိုးသန့်ရ နိုင်ရေးသည်လည်း သီးနှံအထွက်တိုးရေးအတွက် လွန်စွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ ရှိရင်းစွဲမျိုးများအား နှစ်စဉ်ဆက်တိုက်သုံးစွဲလာခြင်း၊

ပိုးသတ်ဆေးများအားအလွန်အကျွံသုံးစွဲ လာခြင်းများကြောင့် ဖျက်ပိုးများဆိုးရွားစွာကျရောက်ပြီး၊ သီးနှံအထွက်နှုန်းအား ထိခိုက်နိုင်ပေမည်ဖြစ်သည်။ ဘက်စုံပိုးမွှားကာကွယ်နှိမ် နှင်းခြင်းနည်းပညာများနှင့်မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းနည်းပညာများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်လာပြီး၊ အမြတ်အစွန်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ တမူးမြို့သည်အိန္ဒိယ နိုင်ငံနှင့်နယ်နိမိတ်ထိစပ်လျှက်ရှိပြီးထွက်ရှိ သောသီးနှံအချို့အား တစ်ဖက်နိုင်ငံသို့ မှောင်ခိုနည်းဖြင့် တင်ပို့ရောင်းချကြောင်းသိရှိရသည်။ နယ်စပ်ကုန်သွယ်မှုဆိုင်ရာစည်းမျဉ်းများအားနည်းခြင်းကြောင့် ထွက်ရှိသောသီးနှံများစျေးနှိမ်ခံရခြင်းများ ကြုံတွေ့ကြရသည်။ စျေးကွက်ဆိုင်ရာသတင်းအချက်အလက်များအားလည်း ကျေးရွာများလက်လှမ်းမှီစွာရရှိရန် လုပ်ဆောင်ပေးသင့်ပေသည်။ ဒေသအခေါ်မျောက်ငိုသီးများမှာ အိန္ဒိယသို့အဓိကတင်ပို့ရောင်းချကြပြီး၊ အများစုမှာတရားဝင်ရောင်းချခြင်းမဟုတ်ဘဲ၊ မှောင်ခိုနည်းဖြင့် သာရောင်းဝယ်မှုပြုလုပ်ကြကြောင်းသိရှိရသည်။ ထို့ကြောင့် သက်ဆိုင်ရာနိုင်ငံတော်အစိုးရဘက်မှ လိုအပ်သောညှိနှိုင်းမှုများအား တစ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းပေးခြင်းဖြင့် နယ်စပ်ကုန်သွယ်မှုများ ပိုမိုခိုင်မာလာနိုင်စေပြီး၊ သီးနှံစျေးနှုန်းများပိုမိုရရှိလာ နိုင်စေမည်ဖြစ်သည်။

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်

နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည်ကျေးရွာအထိလိုအပ်သောစီးပွား ရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန် အတွက်လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာငွေကြေးဝန် ဆောင်မှုပေးသောအဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများဖွံ့ဖြိုးရန်လုပ်ဆောင်သင့်ပါသည်။ အသေးစားစက်မှုလုပ်ငန်းများ တည်ထောင်ပေးခြင်းဖြင့် ဒေသခံ တတ်နိုင်သောစီးပွားရေးလုပ်ငန်းရှင်များလည်း အဆင်ပြေလာနိုင်ပြီး၊ ၎င်းတို့မှတစ်ဆင့် အခြားအဆင်မပြေသော အိမ်ထောင်စုများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိလာနိုင်စေမည်ဖြစ်သည်။ ထို့ကြောင့်ဒေသတွင်းအသေးစားစက်မှုလက်မှု လုပ်ငန်းများတိုးတက်လာနိုင်စေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်းကိုသက်ဆိုင်ရာဒေသအာဏာပိုင်များမှ ပံ့ပိုးကူညီပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးအားများစွာအထောက်အကူပြု နိုင်ပေမည်။

(ဃ) ကျေးရွာမီးလင်းရေးနှင့်သောက်သုံးရေဖူလုံရေး

ကျေးရွာလုံးကျွတ်မီးလင်းရေးသည်လည်း ကျေးရွာသူ၊ သားများ၏ အဓိကပန်းတိုင်တစ်ခုဖြစ်ပေသည်။ ကျေးရွာ၏လုပ်အား၊ ငွေအားတို့ဖြင့်မတတ်နိုင်သောကြောင့် နိုင်ငံတော်အစိုးရ၊ ကျေးလက်ဦးစီးဌာန၊ လျှပ်စစ်ဌာနနှင့် ပြည်ထောင်စုအစိုးရမှကျေးရွာလျှပ်စစ်မီးရရှိစေရန်ကူညီ

ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာမီးလင်းလာနိုင်စေပြီး၊ လူနေမှုအဆင့်အတန်းမြင့်မား လာစေနိုင်ပါ မည်။ ၎င်းအပြင် ကျေးရွာသောက်သုံ ရေဖူလုံစွာရရှိလာနိုင်စေရေးသည်လည်းအရေးကြီးသော လုပ်ငန်းရပ်တစ်ခုဖြစ်ပေသည်။ ကျေးလက်ဦးစီးဌာနမှလိုအပ်သော အချက်အလက်များ ကောက် ယူခြင်း၊ ရေအရည်အသွေးများစမ်းသပ်စစ် ဆေးခြင်းဖြင့်လိုအပ်သော အစီအစဉ်များရရှိအောင် ဆောင် ရွက်ပေးသင့်ပေသည်။

(ဂ) သဘာဝဘေးအန္တ ရာယ်ကြိုတင်ကာ ကွယ်မှုနှင့်ပတ်သက် သောအစီအစဉ်များ

ဒေသခံပြည်သူများသည် သဘာဝဘေးအန္တရာယ်ကြိုတင်ကာ ကွယ်မှုနှင့်ပတ်သက်၍ အသိ ပညာနှင့် ဗဟုသုတအပိုင်းတွင် လွန်စွာအားနည်းမှုများရှိကြသည်။ တမူးမြို့နယ်သည် တောင်ကမူပေါ် များသောဒေသဖြစ်ပြီး၊ တောင်ကျရေစီးဆင်းမှုများသောကြောင့် ချောင်းလက်တက်များစွာတည် ရှိပေသည်။ အချိန် အခါမဟုတ်မိုးရွာသွန်းခြင်း၊မိုးသည်းထန်စွာရွာသွန်းခြင်းများ ကြောင့်ရေကြီးရေလျှံ များဖြစ်ပွားနိုင်သောကြောင့် သဘာဝဘေးနှင့်ပတ်သက်သောကြိုတင် အစီအမံများပြုလုပ်ထား သင့်ပေသည်။ သက်ဆိုင်ရာဒေသအာဏာပိုင်များအနေဖြင့်လည်း သဘာဝဘေးအန္တ ရာယ်ကြိုတင်ကာ ကွယ်မှုနှင့်ပတ်သက်၍ဒေသခံ ပြည်သူများအတွက် အထူးစဉ်းစားပေးရန်လိုအပ်လှပေသည်။ အသက် ကယ်အသုံးအဆောင်များ၊ ဆေးဝါးများနှင့်အသက်ကယ် ဆယ်ရေးနေရာများအားကြိုတင်စီမံ ဆောင်ရွက်ထားသင့်ပေသည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ် ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါ မည်။ ထို့ကြောင့်ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါး နှစ်တာအတွင်းထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၃) အထွေထွေရင်းနှီးမြုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသားအုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ် အဆင့် အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကျွန်းပင်သာကျေးရွာ၏ ဦးစားပေးစီမံချက်များကိုကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊လိုအပ်ချက်များကိုအခြေခံ၍ကျေးရွာလူထုပူးပေါင်းဆောင်ရွက် ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကျွန်းပင်သာကျေးရွာ၏ ဦးစားပေးစီမံကိန်းရွေးချယ်မှုပြုလုပ်ခြင်း

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ
စီမံအုပ်ချုပ် ရေး	❖ စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။	၃၆	၁၀	➢ ခေါင်းဆောင်မှု သင် တန်းများပေးခြင်း၊ ➢ အဖွဲ့အစည်းဆိုင် ရာစီမံခန့်ခွဲမှုသင်တန်းများပေးခြင်း။ ➢ စည်းရုံးရေးဆိုင် ရာအမြင်ပွင့်သင်တန်းများဖန်တီး ပေးခြင်း။
စိုက်ပျိုးရေး။	❖ စိုက်ပျိုးရေးနည်းပညာ၊သွင်းအားစုနှင့်စိုက်ပျိုးရေးလုံလောက်စွာရရှိနိုင်ရေး။	၅၄	၈	➢ စိုက်ပျိုးရေးဆိုင် ရာနည်းပညာများရရှိနိုင်ရေး။ ➢ လယ်ယာသုံးစက်ကရိယာများအရစ်ကျစနစ်တစ်ခုဖြင့်နှစ်ရှည်ငှား ရမ်း၊ ရောင်းချပြီး လုပ် ကိုင်ခွင့်ပေး ခြင်း။ ➢ စိုက်ပျိုးရေ ရရှိရေး
စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများ	❖ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများရရှိရန်ဖန်တီးပေးနိုင်ရေး။	၃၂	၁၃	အမျိုးသမီးများအ တွက် ➢ အပ်ချုပ်၊ယက်ကန်း၊ချည်ထိုးပန်းထိုးသင်တန်းများရရှိရေး။ ➢ အပ်ချုပ်စက်၊ ယက် ကန်းစက်၊ချည်ထိုး ပန်းထိုးစက်များရရှိရန်လုပ်ဆောင်ရေး။ အမျိုးသားများအတွက် ➢ တီဗွီ၊ဖုန်း၊ဆိုင်ကယ်စသည့်သင်တန်း များဖန်တီးပေးခြင်း။
မွေးမြူရေး	❖ မွေးမြူရေးဆိုင်ရာချေးငွေများလက်လှမ်းမှီနိုင်ရေး။	၄၅	၉	➢ မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ နည်းပညာများ ပေး ရေး။ ➢ မွေးမြူ ရေး ဆိုင် ရာချေးငွေများရရှိရန်ဆောင်ရွက် ခြင်း။

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ
ပညာရေး	❖ ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး	၇၆	၅	➢ ပညာရေးဆိုင်ရာအ မြင်ဖွင့်ခြင်း များ ပြု လုပ်ရေး။ ➢ အထက်တန်း ကျောင်း သား/သူ များ ကျောင်း စရိတ် နှင့် ကျောင်းသုံးစာ ရေးကိရိယာများ ရရှိ နိုင် ရေး အတွက် ဆောင်ရွက်ပေးခြင်း
လမ်းပမ်းဆက်သွယ်ရေး	❖ ကျေးရွာတွင်းလမ်းအဆင့်မြင့် ပြုပြင်ဖောက်လုပ်ရေး။	၉၈	၁	➢ အရှည်(၁၇၉၅၀)ပေ×အကျယ်(၁၂)ပေကတ္တရာလမ်း၊ခင်းခြင်း။ ➢ တံတား(၁၀×၁၈) ပေ (၄)စင်းနှင့် ရေ ပြွန်အခု(၅၀) တည်ဆောက်လုပ်ခြင်း။
ကျန်းမာရေး	❖ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး။	၆၈	၆	➢ သူနာပြုဆရာမ၊ သားဖွားဆရာမ နှင့်ကျေးလက် ကျန်းမာရေးမှူး များအား ကျေးရွာ၌ခန့်ထားပေးရန်။
လျှပ်စစ်မီး	❖ ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး	၉၆	၂	➢ အရှည်(၂)ဖာလုံ၊အ ကျယ်(၅)ပေ၊အ မြင့်(၅)ပေရှိသော ကွန်ဂရစ်ရေမြောင်း (Canal line)တည် ဆောက်ရေး၊ ➢ အိမ်ခြေ(၁၈၀)အတွက်မီတာခွက်နှင့်မီးကြိုးတပ်ဆင်ပေးရေး။
လူငယ်နှင့်ယဉ် ကျေးမှု	❖ လူငယ်များအသိပညာနှင့်စာပေဗဟုသုတတိုးတက်လာရေး။	၆၀	၇	➢ မူးယစ်ရဲတပ်ဖွဲ့ များရွာတွင်း၌တင်းကျပ်စွာရှာဖွေရေးနှင့် ဖမ်း ဆီးအပြစ်ပေးရေး ဆောင်ရွက်ဂုန်။ ➢ လူငယ်ပညာပေးလုပ်ငန်းများ ဆောင်ရွက် ရန်။
သောက်သုံးရေရရှိနိုင်ရေး	❖ ကျန်းမာရေးနှင့်ညီညွတ်သော သောက်သုံးရေများကျေးရွာအတွင်းရရှိနိုင်ရေး။	၉၄	၃	➢ ကျန်းမာသန့်ရှင်းသောစက်ရေတွင်းနှင့်ရေသန့်စက်တည်ဆောက် ခြင်း။ ➢ လက်ရှိရေအား၊ဓာတ်ခွဲခန်းသို့ပို့ဆောင်၍ စမ်းသပ်ခြင်း။

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(ဃ) အကောင်အထည်ဖော်မည့်စီမံချက်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံကိန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကိုနှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံကိန်း (Project)	ဦးစားပေးအဆင့်	ပထမနှစ်	ဒုတိယနှစ်	တတိယနှစ်	စတုတ္ထနှစ်	ပဉ္စမနှစ်
၁	စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။	၁၀		√	√		
၂	စိုက်ပျိုးရေးနည်းပညာ၊သွင်းအားစုနှင့်စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေး။	၈	√	√	√		
၃	အသက်မွေးဝမ်းကြောင်းလုပ်ငန်းများရရှိရန်ဖန်တီးပေးနိုင်ရေး။	၁၃	√	√	√		
၄	မွေးမြူရေးဆိုင်ရာချေးငွေများလက်လှမ်းမှီနိုင်ရေး။	၉		√	√	√	
၅	ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး	၅		√	√	√	
၆	ကျေးရွာတွင်းလမ်းအဆင့်မြင့် ပြုပြင်ဖောက်လုပ်ရေး။	၁		√	√	√	
၇	ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး။	၆		√	√	√	
၈	ကျေးရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး	၂		√	√	√	
၉	လူငယ်များအသိပညာနှင့်စာပေဗဟုသုတတိုးတက်လာရေး။	၇		√	√	√	
၁၀	ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေများကျေးရွာအတွင်းရရှိနိုင်ရေး။	၄		√	√	√	

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြ ထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံ နှင့် အစီအစဉ်၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦးကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့ များကိုမြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါ သည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလ အတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အ ကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာ များ၊အဖွဲ့အစည်းများနှင့်လုပ်ငန်းရှင်များထံမှနည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

ကျွန်းပင်သာကျေးရွာ၏ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

စဉ်	စီမံချက်	ရံပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			စွမ်းရည်မြှင့်တင်ခြင်း	ရင်းနှီးမြှုပ်နှံ ခြင်း	စီးပွါးရေးရင်းနှီးမြှုပ်နှံမှု	အရေးပေါ် အထောက်အပံ့
၁	စီမံခန့်ခွဲမှုဆိုင်ရာသဘောတရားများနားလည်လာနိုင်ရေး။		√			
၂	စိုက်ပျိုးရေးနည်းပညာ၊သွင်းအားစုနှင့်စိုက်ပျိုးရေးလုံလောက်စွာရရှိနိုင်ရေး။		√	√		

စဉ်	စီမံချက်	ရံပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			စွမ်းရည်မြှင့်တင်ခြင်း	ရင်းနှီးမြှုပ်နှံ ခြင်း	စီးပွါးရေးရင်းနှီးမြှုပ်နှံမှု	အရေးပေါ်အထောက်အပံ့
၃	အသက်မွေးဝမ်းကြောင်းလုပ်ငန်းများရရှိရန်ဖန်တီးပေးနိုင်ရေး။		√	√		
၄	မွေးမြူရေးဆိုင်ရာချေးငွေများလက်လှမ်းမှီနိုင်ရေး။			√		
၅	ကလေးငယ်များအတွက်ပျော်ရွှင်အေးချမ်းသောပညာရေးပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရေး			√		
၆	ကျေးရွာတွင်းလမ်းအဆင့်မြှင့် ပြုပြင်ဖောက်လုပ်ရေး။			√		
၇	ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး။			√		
၈	ရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေး			√		
၉	လူငယ်များအသိပညာနှင့်စာပေဗဟုသုတတိုးတက်လာရေး။		√	√		
၁၀	ကျန်းမာရေးနှင့်ညီညွတ်သောသောက်သုံးရေများကျေးရွာအတွင်းရရှိနိုင်ရေး။		√	√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက် ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုး ရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုး တက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်း

သိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(ခ) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအ သီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင်ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အခြား ပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ
၁ နှစ်အောက်	၁၉	၁၀	၂၉	၂.၃%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၈၅	၇၅	၁၆၀	၁၂.၇%	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၈၀	၇၅	၁၅၅	၁၂.၃%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၇၁	၉၇	၁၆၈	၁၃.၄%	အလယ်တန်းကျောင်းသားအ ရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၃၄၀	၃၅၉	၆၉၉	၅၅.၆%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၂၁	၂၅	၄၆	၃.၇%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၆၁၆**	**၆၄၁**	**၁၂၅၇**	**၁၀၀%**	
စုစုပေါင်းအိမ်ထောင်စု(၁၉၉)စု			**ပျမ်းမျှအိမ်ထောင်စုဝင်ပေါင်း(၆)ဦး**		

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်းများ	အဓိကအလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက်အလုပ်အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၁၀၈	၅၄.၃%		အဓိကလယ်ယာလုပ်ငန်းလုပ်ကိုင်ကြပြီး၊စပါး၊နှမ်းမုံညှင်းများ အဓိကစိုက်ပျိုးကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း				(၃၈)အိမ်ထောင်စုကနွားကောင် ရေ(၂၅၁)ကောင်ပိုင်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
					ဆိုင်သည်။ (၃၀)အိမ်ထောင်စုက ကျွဲကောင်ရေ(၂၅၆) ကောင်ပိုင်ဆိုင်သည်။ (၁)အိမ်ထောင်စုကဆိတ်ကောင် ရေ(၁၀) ပိုင်ဆိုင် သည်။ (၁၄၀)အိမ်ထောင်စုက ဝက်ကောင်ရေ (၃၅၅) ကောင်ပိုင်ဆိုင်သည်။ ၁၄အိမ်ထောင်စုကဘဲကောင်ရေ (၁၀၂) ပိုင်ဆိုင် သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက်အလုပ်သမား မိသား စုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၅	တစ်ပိုင်တစ်နိုင် ငါးကန်များသာမွေးမြူကြ သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၅%	၁	အိမ်ဆောက်၊ ပရိဘောဂများ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အရေအတွက်	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
					ပြုလုပ်ကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၃	၁.၅%		အဓိကစားကုန်ပစ္စည်းများသာ ရောင်းချကြသည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အမြဲ ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄	၂%		ကျောင်းဆရာမ(၃) ဦး၊ လျှပ်စစ်ဝန်ထမ်း (၁)ဦး။
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၈၃	၄၁.၇ %		အလုပ်အတည်တကျမရှိသူများ နှင့်လက်လုပ်လက်စားများပါဝင် သည်။(မည်သည့်လုပ်ငန်းများ လုပ်ကိုင်သည်ကိုမမေးမြန်းခဲ့ေ ေ
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးနိုင်သောမြေဧရိယာ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအ ရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေ ပေးနိုင်သည့်ဧက)
လယ်မြေ	၆၄၉	သင့်	ရ	နန်းသလက်ဆည် ရေဖြင့်၊ စပါး(၆၄၉)ဧက စိုက်ပျိုးကြသည်။
တောင်ယာ	၂၁၆	သင့်	မရ	–
ဥယျာဉ်	၄	သင့်	မရ	–
အိမ်ခြံဝင်း စိုက်ခင်း	–	–	–	–
ရွှေပြောင်း တောင်ယာ	–	–	–	–
ကိုင်း/ကျွန်းမြေ	–	–	–	–
စားကျက်မြေ	–	–	–	–
ပလပ်မြေ	–	–	–	–
ဖုန်းဆိုးမြေ	–	–	–	–
သစ်တောမြေ	၇၅၀	သင့်	မရ	–
အခြား(ဖုန်းဆိုး မြေ)	၂	ညံ့	–	–
စုစုပေါင်း	**၁၆၂၁**	–	–	

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

မှတ်ချက်။ ။စိုက်ပျိုးရေအား နန်းသလက်ဆည်မှ ရေအပြည့်အဝရရှိကြောင်းတွေ့ရသည်။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရှိခြင်းမှု(များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီခြင်းမှု(လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန် (ခါတ်ငွေ့/ရေနံ)	–	–
လမ်းခင်းရာတွင်အသုံးပြုရန် ချောင်းအတွင်းမှရရှိနိုင်	သင့် (ကျောက်၊ သဲ)	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	ခက်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) မျှစ်	များ	လွယ်

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသောအိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသောအိမ်ထောင်စု	အလွန်ဆင်းရဲသောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်ဧက(၁၀) အထက်	လယ်ဧက (၆–၁၀) ကြား	လယ်ဧက(၃–၆) ကြား	လယ်ယာမဲ့
အိမ်အခြေအနေ	နံရံကပ်တိုက်	ပျဉ်ထောင်၊သွပ် မိုး	ပျဉ်၊သက်ကယ် မိုး	ဝါးထရံ၊သက်ကယ်မိုး
လုပ်ငန်းသုံးကိရိယာပိုင် ဆိုင်မှု	လက်တွန်းထွန် စက်၊ ခွေလှည့်စက်	ထယ်၊ထွန်	မရှိ	မရှိ
စီးပွားရေးလုပ်ငန်း	ဆိုင်ကယ်၊ဖုန်း တီဗွီ၊ရေခဲသေတ္တာ၊ စက်ဘီး	ဆိုင်ကယ်၊ဖုန်း တီဗွီ၊စက်ဘီး	စက်ဘီး၊ဖုန်း	မရှိ
အခြားပိုင်ဆိုင်မှု	လယ်လုပ်ငန်း ကျပ်(၅၀၀၀၀၀)	လယ်လုပ်ငန်း ကျပ်(၂၀၀၀၀၀)	လယ်လုပ်ငန်း ကျပ်(၁၀၀၀၀၀)	ကျပန်း ကျပ်(၅၀၀၀)
အိမ်ထောင်စု ၁၉၉ (၁၀၀%)	၁၂%	၃၇%	၂၅%	၂၆%

ရည်ညွှန်း -ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု ဇယား (၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၅	၁၆%	ဝယ်ယူခြင်း၊ ချေးငှားခြင်း၊ ဈေးဆိုင်မှအကြွေးယူခြင်း၊ လုပ်အားခကြိုတင်ရောင်းချခြင်းများဖြင့် ဖြေရှင်းကြ သည်။
၃လနှင့်၅လအထိ	၁၄	၄၇%	ဝယ်ယူခြင်း၊ ချေးငှားခြင်း၊ ဈေးဆိုင်မှအကြွေးယူခြင်း၊လုပ်အားခ ကြိုတင်ရောင်းချခြင်းများဖြင့်ဖြေရှင်းကြသည်။
၆လမှ၁၂လအထိ	၁၁	၃၇%	ဝယ်ယူခြင်း၊ချေးငှားခြင်း၊ ဈေးဆိုင်မှအကြွေးယူခြင်း၊လုပ်အားခ ကြိုတင်ရောင်းချခြင်းများဖြင့်ဖြေရှင်းကြ သည်။

(၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(ရ) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖခနှစ်နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၄	၆	၁၀
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၁	၅	၆
		အိမ်ထောင်စုအ ရေ အတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၁၅	
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ		၁	
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ		–	

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

မှတ်ချက်။ ။ထိခိုက်လွယ်သောမိသားစုများမှာ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုနှင့် အဆင်းရဲဆုံးတောင်သူ များဖြစ်သည်။ ၄င်းတို့သည် မြေယာပိုင်ဆိုင်မှုနှင့် စားနပ်ရိက္ခာဖူလုံမှု မရှိသော အိမ်ထောင်စုများဖြစ်ကြသည်။ ကျေးရွာရှိလူငယ်များရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်မှုနှုန်း မြင့်မားသည်။

(၁.၅.၃) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	သို့သော်လက်လုပ်လက်စားများ၊ ကျပန်းများ တွင်အနည်းငယ်စိုးရိမ်ရ။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	နိမ့်	မြေစာရင်းဌါနမှခွင့်ပြုချက်ဖြင့်ရရှိနိုင်ခြင်း
၃	ရေကြီးခြင်း	မြင့်	နန်းတစည်းချောင်းနှင့် နန်းသလက် ချောင်းကြားဌ် တည်ရှိနေခြင်း။ ယခုနှစ် ရေကြီးမှုကြောင့်ရွာဘေးရှိခရိုင်ချင်း ဆက်တံတားကျိုးပျက်ခဲ့သည်။
၄	မိုးခေါင်ခြင်း	နိမ့်	ရာသီဥတုမျှတမှုရှိခြင်း။
၅	မုန်တိုင်း	နိမ့်	မုန်တိုင်းဇုန်ထဲ၌မကျရောက်ခြင်း၊ဖြစ် လေ့ဖြစ်ထမရှိခြင်း။
၆	ငလျင်	–	–
၇	မီးဘေး	မြင့်	မလိုအပ်သောတောမီးရှိခြင်းများ၊ ကြောင့်ဖြစ်ခြင်း။
၈	ဆားငံရေဝင်မြေ	–	–
၉	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	နိမ့်	မြေပြိုခြင်းမရှိ သလောက်ဖြစ်၍ပျက်ဆီးမှုမရှိ။
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်	ထင်းမီး၊မီးသွေးနှင့်ပျဉ်အတွက်အသုံး များခြင်းကြောင့်သစ်တောပြုန်းတီးခြင်းများသည်။
၁၁	ငှက်ဖျားရောဂါ	လတ်	ကာကွယ်မှုပိုင်းအားနည်းခြင်း။ အမြင် ဖွင့်လှပ်ငန်းမရှိခြင်း။
၁၂	တီဘီရောဂါ	လတ်	ကာကွယ်မှုပိုင်းအားနည်းခြင်း၊ ထိရောက်စွာကုသမှုနည်းပါးခြင်း။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	–	–
၁၄	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	–	–
၁၅	လူကုန်ကူးခြင်း	–	–
၁၆	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	နိမ့်	ကတ္တရာလမ်းဖြစ်ခြင်းနှင့် ကားလမ်းဘေးကျေးရွာဖြစ်ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ (၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ သေရေးသေရက်သောက်စားမှုများခြင်း။အိန္ဒိယမှ ရာမခေါ်မူးယစ်ဆေးပြားများလူငယ်များအလွန်အကျွံသုံးစွဲကြသည်။
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	နိမ့်	ဆွေမျိုးသားသမီးများမှထောက်ပံ့နိုင်ခြင်း။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	ဝင်ငွေရလုပ်ငန်းအတည်တကျမရှိ ခြင်း။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ	–	–
၅	မြစ်ကမ်းဘေးနေလူထု	–	–
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident)	–	–
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP)	မရှိ	–
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	လတ်	မိုးများချိန်တွင်ရေလျှံနိုင် ခြင်း။
၉	ငါးကန်ပိုင်ရှင်	မရှိ	–
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	အတည်အကျလုပ်ငန်းမရှိခြင်း၊ဝမ်းစာမဖူလုံခြင်း။
၁၁	လူနည်းစုလူမျိုးများ	နိမ့်	ဆေးဆိုင်ဖွင့်ခြင်း၊ပန်းရံလုပ်ကိုင်ခြင်း။
၁၂	ဒေသတွင်းပဋိပက္ခဧရိယာ	–	–
၁၃	နယ်စပ်ဒေသ	လတ်	တရားမဝင်အဖွဲ့အစည်းများရှိခြင်း။ (နယ်စပ်ကသည်းလူမျိုးသောင်းကျန်းသူ များရှိနေခြင်း)
၁၄	ရွှေတွင်းလုပ်သား	–	–
၁၅	ဆေးစွဲသူများ	မြင့်	အိန္ဒိယမှရာမ(သို့)အဖြူများတမူးသို့ ဝင်ရောက်မှုရှိပြီး၊လူအချို့မူးယစ်ဆေး ဝါး စွဲပြီးအလုပ်မလုပ်နိုင်တော့ ခြင်း။
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	နိမ့်	ရာသီလိုက်ဖြစ်သောရောဂါများသာရှိခြင်း။
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူ များ	နိမ့်	အနီးအနားရွာများ၌သာရောင်းရခြင်း
၁၈	ရွှေ့ပြောင်းလုပ်သားများ	–	–
၁၉	ကားသမား	နိမ့်	လမ်းကောင်းခြင်းကြောင့်အန္တရာယ်ဖြစ်မှုနိမ့်ပါးသည်။

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

၂။ ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေများ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၁	မီးလင်းရေးကော်မတီ	၂	၇	–	၇	ကျေးရွာတွင်းမီးလင်းရေး	၄	သင့်
၂	အသင်းတော်မိတ်သဟာယအဖွဲ့	၃	၅	၅	၁၀	ကျေးရွာရှိအသင်းတော်များစည်းလုံးရေး	၄	သင့်
၃	ဆည်ကော်မတီ	၁	၈	–	၈	ဆည်ရေရှိရေး	၄	သင့်
၄	ကျောင်းသားလူငယ်အဖွဲ့	၂	၁၀	၅	၁၅	ကျောင်းသားစည်းလုံးရေး	၄	သင့်
၅	သ/မအသင်း	၁	၃၀	–	၃၀	ချေးငွေရရှိ ရေး	၄	သင့်
၆	ရပ်မိရပ်ဖ	၂	၇	–	၇	ရပ်ရွာအကျိုးဆောင်လုပ်ငန်း	၄	သင့်
၇	အမျိုးသမီးရေးရာအဖွဲ့	၂	–	၃၀	၃၀	အမျိုးသမီးရေးရာအ ကျိုးဆောင်လုပ်ငန်း	၄	သင့်
၈	မီးသတ်အဖွဲ့	၂	၂၅	–	၂၅	မီးဘေးကာကွယ်ရေး၊ရပ်ရွာလုံခြုံရေး။	၄	ကောင်း
၉	လူငယ်အဖွဲ့	၂	၆၀	၈၀	၁၄၀	လူငယ်စည်းရုံးရေး၊လူမှု ရေး၊	၄	ကောင်း
၁၀	ကျေးရွာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့	၃	၅	–	၅	ယဉ်ကျေးမှုထိန်းသိမ်း ရေး	၄	သင့်

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်များ (၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မြစိမ်းရောင်းငွေစုငွေချေးစီမံခန့်ခွဲမှုအဖွဲ့	အစိုးရအဖွဲ့	ကျေးရွာဖွဲ့ဖြိုးရေးဆိုင်ရာဆောင်ရွက်ပေးခြင်း။ (ကောင်း)

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(၂.၂.၁) စိုက်ပျိုးရေးသီးနှံ

(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၉၁	၄၅.၇%	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာ)	၂	၁%	ဆင်းရဲသားတောင်သူ

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၃	၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ)	၁၉	၉.၅%	တောင်သူငယ်
၄	၅ ဧကမှ-၁၂.၅ ဧကကြား (၂-၅ ဟတ်တာထိ)	၆၇	၃၃.၇%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ဟတ်တာနှင့် အထက်)	၂၀	၁၀.၁%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၉၉**	**၁၀၀ %**	

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု(တနှစ် ပတ် လုံး/ရာသီအ လိုက်)
၁	ဆည်	နန်းသလက်	၆၄၉	မိုးရာသီ
၂	ရေလွှဲဆည်	–	–	–
၃	မြစ်ရေတင်စီမံကိန်း	–	–	–
၄	ဆည်မြောင်း	–	–	–
၅	အဝီစိတွင်း	–	–	–
၆	လက်ငင် ရေတွင်း	–	–	–
၇	စိမ့်စမ်းရေ			

ရည်ညွှန်း –ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

မှတ်ချက်။ ။လယ်ယာမြေရေရှိရေးအတွက်နန်းသလက်ဆည်တခုကိုသာ အားကိုးကြခြင်း ဖြစ်သည်။

(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံ စိုက်ပျိုးသည့် ကာလ	သွင်းအား စု လိုအပ် ချက် (နိမ့်/ လတ် /မြင့်)	အမြတ် ရရှိနိုင်မှု (နိမ့်/ လတ် /မြင့်)	မှတ်ချက်
			အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ				
စပါး	၆၄၉	တင်း	၄၀	၈၀	၆၀	ဇွန်-ဩဂုတ်လ	နိမ့်	နိမ့်	လုပ်သားလုပ်အားခပေးခြင်း။

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)		အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ					
နှမ်းမုံညှင်း	၂၁၆	တင်း	၇	၁၄	၁၀.၅	စက်တင်ဘာမှနိုဝင်ဘာ	နိမ့်		လတ်	ဈေးကောင်းရနိုင်ခြင်း

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရှာပိုင် ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	–	–	–
ရိတ်သိမ်းစက်	–	–	–
လက်တွန်းထွန်စက်	၆	–	ကောင်း(အိမ်ထောင်စု(၆)အိမ်မှ(၁)စီးစီပိုင် ဆိုင်သည်။
ခြွေလှေ့စက်	၁	–	ကောင်း(အိမ်ထောင်စု(၁)အိမ်မှ(၁)စီးပိုင်ဆိုင်သည်။)
ရေစုပ်စက်	၁	–	ကောင်း(အိမ်ထောင်စုတစ်အိမ်မှတစ်ခုပိုင် ဆိုင်သည်။
ခြေနင်းရေတင်စက်	–	–	–
မျိုးစေ့ချစက်	–	–	–
မြက်ရိတ်စက်	–	–	–

ရည်ညွှန်း–ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်များ(၁-၄၊စက်တင်ဘာလ၊၂၀၁၅ခုနှစ်)

(၂.၂.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေ ကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေ ကောင်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊သြဇာ)	ရှိ	တိုးချဲ့ရန်မြေနေရာရှိခြင်း။ စိုက်ပျိုးမြေကောင်းမွန်ခြင်း၊လယ်နှင့်ယာသီးခြားဖြစ်ခြင်း၊ မိုးစပါးတစ်သီးသာစိုက်ပျိုးကြပြီး၊ ဆောင်းရာသီ၌ယာသီးနှံစိုက်ပျိုးကြသည်။
ရေအရင်းအမြစ်	ရှိ	နန်းသလက်ဆည်မှဆည်ရေရရှိနိုင်ခြင်း။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
သဘာဝမြေဆွေး၊သြဂဲနစ်	ရှိ	ကောက်ရိုးများဆွေး၊ကျွဲ၊နွားချေးများအသုံးပြုနိုင်ခြင်း။
သြဂဲနစ်ပိုးသတ်ဆေး	–	–
ချေးငွေရရှိမှု	ရှိ	မြန်မာ့စိုက်ပျိုးရေးဘဏ်မှချေးငွေရရှိနေခြင်း။
သွင်းအားစုဈေးကွက်	ရှိ	ဓာတ်မြေဩဇာနှင့်မျိုးစေ့များကိုတမူးမြို့မှရနိုင်ခြင်း။
ဝန်ဆောင်မှုဈေး ကွက်	ရှိ	တမူးမြို့၌စိုက်ပျိုးရေးဆေးဆိုင်၊စိုက်ပျိုးရေးဌါနမှရရှိနိုင်။
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ရှိ	တမူးမြို့၌အလွယ်တကူရောင်းချနိုင်ခြင်း။တမူးမြို့ကိုသာအဓိကမှီခိုအားထားပြီးကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ကြသည်။
အခြား (၁)	–	–
အခြား (၂)	–	–
အခြား (၃)	–	–

